# သုံးနားညီ တြိဂံ



လူငယ်နှင့် စာပေရေးရာ ဆောင်းပါးများ

ဇွဲ (ပညာရေး)
မောင်ထက်ဝေ (ငါ့တကျော်)
ချစ်နိုင်စံ (ဘီအီးဒီ)

# သူငယ်ချင်းသုံးယောက် ရှိလေသည် ။

## ယဉ်ယဉ်နု(မန္တလေး)

မြန်မာမှုနယ်ပယ်တွင် ဆိုရိုးစကားရှိလေသည် ။ ထိုစကားမှာ တစ်ယောက်သွားသော် လူသေ၊ နှစ်ယောက်သွားသော် လူရှင်၊ သုံးယောက်ပေါင်းလောင်းကျော်ဆိုသည့် စကားပုံ ဖြစ်လေသည် ။ လုပ်ဆောင်ဖွယ်ရာ ကိစ္စများ ရှိလျှင်၊ အန္တရာယ်ရှိသော ခရီးတစ်ခု အတူသွားရလျှင်၊ အကြံအစည် ကြီးကြီးမားမားရှိလျှင် သုံးယောက်သားပေါင်းပြီး လုပ်ဆောင်လိုက်ပါ။ အစစအရာရာ အောင်မြင် လိမ့်မည်ဟူသည့် ဆိုလိုရင်းဖြစ်ပါသည် ။

ယခုလည်း ကျွန်မ ပညာတတ်သူငယ်ချင်းသုံးယောက်နှင့် တွေ့ဆုံနေပါသည် ။ သူတို့ နှင့် စကားပြောရသည် ။ ဝိုင်းဖွဲ့ရသည် ။ ဆွေးနွေးရသည် ။ သူတို့ ပြောသော အသိအမြင်တို့ ကို တွေးတော ဆင်ခြင်ရသည် ။ သူတို့ က အပြောသမား၊ ကျွန်မက နားထောင်သမား ဖြစ်သည် ။ သူတို့ စကားတွေကို နားထောင်ရင်း သူတို့ နှင့် ဆွေးနွေးရင်း သူတို့ ၏ မျှော်လင့်ချက်များကို ကူးယူခံစားရင်း ကြက်သီး တဖြန်းဖြန်း ထရသည် ။ ပီတိမျက်ရည်လည်ရသည် ။ အနာဂတ်နိုင်ငံတော်အတွက် မျှော်လင့်ချက်များ နှင့် အားတက်ရသည် ။ လူငယ်တွေ၏ ဘဝကို ထဲထဲဝင်ဝင် ခံစားသုံးသပ်ထားသော မျှော်လင့်ထား သော ပြုပြင်လိုသော စိတ်ဓာတ်များကြောင့် လေးစားရသည် ။ သူတို့ သုံးယောက်သည် တစ်ယောက် က

စာကြည့်တိုက်မှူးဖြစ်ပြီး နှစ်ယောက်က ပညာရေးဝန်ထမ်းဖြစ်သောကြောင့် လူငယ်များ နှင့် အမြဲတစေ ထိတွေ့နေသူများ ဖြစ်ကြသည့်အတွက် လူငယ်များ အရေးတွင် ရှေ့တန်းမှ တက်ကြွစွာ ပါဝင်ဆွေးနွေးလိုကြသော တိုက်စစ်မှူး သူငယ်ချင်းသုံးယောက်ဖြစ်လေသည် ။

သူငယ်ချင်းသုံးယောက်ထဲမှ ဇွဲပညာရေးသည် လူငယ်ထုအတွင်း သူငယ်ချင်းများကို ကောင်းစေချင်သည့်ဆန္ဒဖြင့် ယခုလို ဆွေးနွေးထားပါသည် ။

"ကောင်းတူဆိုးဖက်ဆိုတဲ့ စကားအတိုင်းပဲ၊ သူငယ်ချင်းကောင်းတွေမှာ ကောင်းတဲ့ အရာ တွေကိုလည်း အတူတူ မျှဝေခံစားသင့်ပြီး စိတ်ညစ်စရာဒုက္ခတွေကိုလည်း အတူတူ အားပေးနှစ်သိမ့် ရင်း ဖြေရှင်းသွားနိုင်ကြဖို့ ဖြစ်ပါသည် ။ သူငယ်ချင်းကောင်းတွေကို အဆုံးရှုံးမခံသင့်ပါ။ ကိုယ့် ကြောင့် ကိုယ့်သံယောဇဉ်ထားရတဲ့ သူငယ်ချင်းကောင်းကျိုးဆန္ဒပြည့်ဝအောင် ဖေးမကူညီပေးသင့် ပါသည် ။ သူငယ်ချင်းကို ပျော်ရွှင်အောင် လုပ်ပေးခြင်းက ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်စေခြင်းလည်း ဖြစ်ပါတယ်။ သူငယ်ချင်းသံယောဇဉ်ကို ပျက်စီးစေတဲ့ အပြောအဆို၊ အပြုအမူတွေကို တတ်နိုင် သလောက် ရှောင်ရှားကြစေချင်ပါတယ်"

တိုင်းပြည်၏ အဆင့်အတန်းကို ဖော်ပြသော စာပေအနုပညာခံစားမှုနှင့် ပတ်သက်၍ ရေးခေတ်၊ ယခုခေတ် စာရေးဆရာများ ၏ သုခ၊ ရသခံစားမှုများကို ဆွေးနွေးရင်း ယခုလို ပြောကြားထားပြန်သည် ။

"စာကောင်းပေမွန်များကို ဖတ်ရှုခံစားကြခြင်းဖြင့် လူမှုဘဝတိုးတက်မြင့်မားလာနိုင်ခြင်း၊ ပျော်ရွှင်စရာ၊ လွမ်းစရာ၊ ချစ်စရာ၊ ဝမ်းနည်းစရာ စိတ်ဓာတ်ခွန်အား မြင့်တက်စရာ စသော ရသ ပေါင်းများ

စွာကိုလည်း ပေးစွမ်းနိုင်ပါလိမ့်မယ်"

လူငယ်များ အတွက် ယုံကြည်မှုနှင့် ရဲရင့်စေရန် "ရဲတင်းပြတ်သားသော ဆုံးဖြတ်ချက်နှင့် လုပ်ပါ။ ကြီးမားတဲ့ အင်အားတွေက သင့်အား ဝိုင်းဝန်းကူညီပါလိမ့်မယ်"ဟု အားပေးသည် ။ စာပေ မြင့်မှ လူမျိုးမြင့်မည် ဆိုသည့်အတွက် စာအုပ်စာပေ ချစ်တတ်ပါစေကြောင်း၊ နည်းကောင်းပေးသည် ။ မူးယစ်ဆေးဝါး၊ အရက်သေစာတို့ ဖြင့် ဘဝဆုံးနေသော လူငယ်များကို ကိုယ်ချင်းစာစိတ်ဖြင့် အမှောင် လမ်းမှ ကင်းဝေးပါစေကြောင်း ဆုတောင်းသည် ။ နွေရာသီကျောင်းပိတ် အားလပ်ရက်ကို အချိန် မဖြုန်းဘဲ စာဖတ်ခြင်း၊ ပညာရပ်ဆိုင်ရာ သင်တန်းများ နှင့် အားကစားဆိုင်ရာများ လေ့လာသင်ကြား နိုင်ရန် လူငယ်များ ၏ အဖြူရောင် စာမျက်နှာထက်က အပြာရောင်သင်္ကေတများ လှပစွာ ပုံဖော်နိုင်ပုံ တိုက်တွန်းသည် ။

နောက်ထပ် သူငယ်ချင်းတစ်ယောက်မှာ မောင်ထက်ဝေ(ငှါတရော်)ဖြစ်ပါသည် ။ သူကတော့ လူငယ်တို့ ၏ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး လုပ်တတ်သည့်စိတ်ကို ပြုပြင်စေချင်၍ စိတ်ကို အလှ ပြင်ခိုင်းပါသည် ။ လောကတရားနှင့် ကြုံတွေ့ရသော အခက်အခဲကာလတွင် လူငယ်တို့ ကြံ့ကြံ့ခံနိုင် ရန် ဦးဇောတိက(မဟာမြိုင်)၏ စာအုပ်များ နှင့် ရင်းနှီးကျွမ်းဝင်သူပီပီ ထိုအထဲက "မြည်းလေး ကောင်ရဲ့ သတ္တိ"ဟူသည့် ဥပမာလေးကို အခြေခံ၍ လောကဓံကိုမကြောက်ရန် နင်လားဟဲ့ အခက်အခဲ ဟု ကျူးရင့်ထားပါသည် ။ စာကိုသိသော်လည်း ဦးနှောက်ထဲမှာ စာမရှိဖြစ်နေသူတို့ အတွက် အက္ခရာများ ပေါ်တွင် ပျော်မွေ့နေသလား"ဟု သတိပေးထားပါသည် ။ "ကိုယ့်ကိုယ်ကိုယ် ခိုင်းတတ် ဖို့ လိုပါတယ်"ဟု ဆိုသော အကြောင်းအရာကို ဆွေးနွေးသည့်အခါ လူငယ်များ ပေါ်တွင် သူထားသည့် စေတနာကို အောက်ပါစကားရပ်လေးဖြင့် သိသာနိုင်ပါသည်

။ "ဆရာကြီး ရွှေဥဒေါင်းကလည်း သူ့ရဲ့ တစ်သက်တာမှတ်တမ်းနဲ့ အတွေးအခေါ်တွေအကြောင်း ပြောချင်လို့ စာကြည့်တိုက်ထဲက ထိုင်စောင့် နေတယ်။ ဆရာကြီး ဦးအောင်သင်းကလည်း မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဆိုတဲ့ အကြောင်း ပြောပြချင်လို့ စာကြည့်တိုက်ထဲက ထိုင်စောင့်နေရှာတယ်။ စာရေးဆရာပေါင်းများ စွာက သူတို့ သိရှိ ထားတဲ့ အသိပညာ ဗဟု သုတတွေ၊ သူတို့ ဘဝရဲ့ အတွေ့အကြုံတွေကို ပြောပြချင်လို့ စာကြည့်တိုက် ထဲက ထိုင်စောင့်နေကြရှာတယ်။ ဖုန်တွေကို တက်လို့ ။ ဒါကြောင့် အားလပ်တဲ့ အချိန်လေးတွေမှာ ဂိမ်းမဆော့ဘဲ စာဖတ်ကြပါလား"လို့ အကြံပြုချင်တယ်။

မောင်ထက်ဝေ(ငှါတရော်)ကဲ့သို့ပင် သူ့သူငယ်ချင်း ချစ်ခိုင်စံ(ဘီအီးဒီ)က လူငယ်တွေကို စာဖတ်စေချင်သူ၊ စေတနာထားချင်သူ တစ်ဦးပဲဖြစ်ပါတယ်။ စာအုပ်တွေကို မြင်တတ်စေချင်လို့ စာဖတ်ကြဟေ့လို့ ပြောနေရုံနဲ့ မရကြောင်း ဒီလိုဆွေးနွေးထားတာ သိရပါတယ်။

"ကျွန်တော် တပည့်တွေကို စာကြည့်တိုက်ကနေ ဘာစာအုပ်ကို ရှာဖတ်ကြ၊ ဘယ်လို စာကြောင်းလေးတွေဆိုရင် မှတ်စုစာအုပ်ထဲမှာ ထုတ်နုတ်မှတ်သားကြ၊ ဘယ်နေ့ကျရင် ဆရာနဲ့ ဆွေးနွေးမယ် စသဖြင့် စာအုပ်တွေကို မြင်လာအောင် လေ့ကျင့်ပေးနေရပါတယ်။ သူတို့ လေးတွေ စာကြည့်တိုက်ကို သွားတတ်တဲ့ အကျင့်ရအောင်၊ စာအုပ်စာပေကို ကိုယ်တိုင်ရှာဖွေတတ်အောင် စာအုပ်စာပေကို ခင်တွယ်မြတ်နိုးလာအောင် လမ်းကြောင်းပေးနေရမဲ့ပါ။ ဒါမှ သူတို့ လေးတွေ စာအုပ် စာပေကို မြင်လာမှာ ပါ။ ပါးစပ်က စာဖတ်ကြဟေ့လို့ ပြောနေရုံ၊ သတိပေးနေရုံနဲ့ သူတို့ လေးတွေ စာဖတ်ကြမှာ မဟုတ်ပါဘူး။ ခေတ်ကာလအခြေအနေအရ စာအုပ်တွေထက် ပိုမိုဆွဲဆောင်မှုကောင်း တဲ့ ပတ်ဝန်းကျင်မှာ ပေါများ နေပါပြီ။ စာကြည့်တိုက်ထက် ဂိမ်းဆိုင်မှာ လူပြည့်ပါတယ်။

စာကြည့် တိုက်နဲ့ လောင်းကစားဝိုင်းဆိုရင် လောင်းစကားဝိုင်းမှာ လူလျှံပါတယ်။ စာကြည့်တိုက်နဲ့ ဘီယာဆိုင်၊ အရက်ဆိုင်ဆိုရင် ဘီယာဆိုင်၊ အရက်ဆိုင်မှာ လူပိုစည်တတ်ပါတယ်။ ဒါဟာ စာအုပ်တွေကို မမြင်တော့ခြင်းရဲ့ အဓိပ္ပာယ်ပါ။ ဒါကြောင့် လူငယ်တွေကို စာဖတ်စေချင်ရင် စာအုပ်တွေကို မြင်လာအောင် မြင်တတ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးသင့်ပါကြောင်း တင်ပြလိုက်ရပါတော့တယ်"

လူငယ်များကြားတွင် ရိုင်းစိုင်းခက်ထန်မှု ကင်းဝေးပြီး ယဉ်ကျေးပျူငှာတဲ့ လူငယ်တွေ များ ပြားလာစေဖို့ ချစ်ခိုင်စံ(ဘီအီးဒီ)က ဘိုးတော်တဲ့ လားကွယ်ဟု ဆွေးနွေးပါသည် ။ ကျွန်မတို့ ငယ်စဉ်က လူငယ်တွေ ညအခါ လသာသာမှာ ကစားကြပြီး ယခုလူငယ်တွေက ဖုန်းချည်းပွတ်နေ ကြသဖြင့် လူငယ်တွေ၏ ကာယအင်အား၊ ဉာဏအင်အား တိုးတက်လာစေရန် ကစားမလား၊ နားမလားဟု မေးထားပါသည် ။ အဆဲအဆိုလေးနှင့် ပြောတတ်သောကလေးများကို ပန်းပင်လေး သဖွယ် ပြုပြင်ပြီး ရေလောင်းပေါင်းသင်ပေးရန် ကြိုးစားထားပါသည် ။ လူငယ်တို့ ရည်မှန်းချက် ပန်းတိုင်ထားပြီး ကြိုးစားရန် "ရည်မှန်းချက်မရှိတဲ့ သူဟာ လှော်တက်မပါတဲ့ လှေနဲ့ တူတယ်"ဟု သတိပေးထားပါသည် ။ အနာဂတ်ကလေးငယ်များကို နှလုံးသား နူးညံ့ပျော့ပျောင်းပြီး သိမ်မွေ့ နူးညံ့လာစေရန်အတွက် ဖွင့်လှစ်ထားရှိသော ယဉ်ကျေးလိမ္မာသင်တန်းများကို အနာဂတ်ပျိုးခင်းများ အဖြစ် တင်စားပါသည် ။ ဦးနှောက်နှင့် နှလုံးသား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် သုတ၊ ရသ၊ အာဟာ ရများ မျှတစွာ စားသုံးသင့်ကြောင်း အကြံပြုတင်ပြထားပါသည် ။ ယခုခေတ်တွင် ဖုန်းနှင့်သာ အချိန် ကုန်နေကြသော လူငယ်လေးများ အတွက် အိပ်ရာဝင်ပုံပြင်လေးများ မကြားရတော့သည့် အခြေအနေ ကို လွမ်းဆွတ်တသထားပါသည် ။

သူငယ်ချင်းသုံးယောက်၏ စေတနာများ ၊ ခံစားချက်များ ၊ အကြံပြု တင်ပြချက်များ ၊ လူငယ် များ အတွက် မျှော်လင့်ချက်များ ၊ ဖန်တီးတည် ဆောက်စေလိုမှုများကို သူတို့ သုံးယောက်နှင့် ဆွေးနွေး ရင်း ကျွန်မမှာ အားတွေ မာန်တွေတက်ပြီး စိတ်ဓာတ်ခွန်အားတွေ တဖျတ်ဖျတ် နိုးကြားလာပါသည် ။ နောက်ဆုံး ခေါင်းစဉ်တစ်ခုကို သူတို့ သုံးယောက် က ဝိုင်းဝန်းဆွေးနွေးကြပါသည် ။ "လူငယ်နှင့် အကျင့်"တဲ့ သူတို့ သည် ယခုခေတ်လူငယ်လေးများကို အရမ်းမျှော်လင့်ထားကြသည် ။ လူငယ် ဟူသည် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား အလှဆင်ကြရမည့် မျိုး ဆက်သစ်များ ဖြစ်သည် ။ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ် အကောင်းအဆိုး သည် လူငယ်မျိုးဆက်သစ်များ ၏ ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်နှင့် လုပ်ကိုင်နိုင်မှုစွမ်းရည်ပေါ်တွင် မူတည်ပေသည် ။ နိုင်ငံ၏ အဖိုးတန်ရ တနာလေး များ ဖွံ့ဖြိုးတိုးတက်စေရန် အလေ့အကျင့်ကောင်းများ ရှိရန် လိုအပ်သည် ကို သူတို့ သုံးယောက် သိသည် ။ လူရယ်လို့ ဖြစ်လာလျှင် စွဲ စွဲမြဲမြဲ လုပ်ကိုင်တတ်သည့် အကျင့်တစ်ခုရှိပြီး ထိုအကျင့်သည် လည်း အကောင်းနှင့် အဆိုး နှစ်မျိုးရှိရာ ဆင်ခြင်စဉ်းစားပြီး ကောင်းလျှင် ဆက်လက်ကျင့်သုံး၍ မကောင်းလျှင် ခပ်မြန်မြန် ဖြတ်ပစ်ရန် လိုလား ကြသည် ။ မကောင်းသော အကျင့်များ ဖြစ်သည့် မူးယစ်ဆေးဝါး၊ အရက်၊ ဘီယာ၊ ကွမ်း၊ ကြက်တိုက်၊ ဖဲရိုက် လောင်းကစားအကျင့်များကို ပြုပြင်ပြီး ကောင်းသည့်အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးနိုင်ပါရန် ဆွေးနွေးကြသော သူငယ်ချင်း သုံးယောက်၏ မျက်ဝန်းလေးများမှာ ကောင်းသောပတ်ဝန်းကျင်၊ ကောင်းသောအကျင့်ကို မျှော်လင့် ၍ တလ က်လက် ဖြာလျက် ရှိကြပါသည် ။

သူတို့ သူငယ်ချင်းသုံးယောက်၏ အနာဂတ်အတွက် မျှော်လင့်ချက် များ ၊ လူငယ်တို့ အတွက် စေတနာများ ၊ နောင်အနာဂတ် တိုင်းပြည်

အတွက် ပြုပြင်ပြောင်းလဲလိုသော စိတ်ဓာတ်များကို သိရှိ လိုက်ရသော ကျွန်မအနေဖြင့် သူငယ်ချင်းသုံးယောက်၏ လုပ်ဆောင်ချက်စေတနာများ အောင်မြင် ထွန်းပေါက်ပြီး အနာဂတ်လူ့ဘောင်သစ်သည် တက်နေခြည်ဝန်းကဲ့သို့ ရောင်စဉ်များ တလက်လက် ဖြာ၍ ရွှမ်းမြသာယာနိုင်ပါစေဟု မုဒိတာလောင်း၍ ဆုတောင်းပတ္တနာပြုအပ်ပါသည်။

**ယဉ်ယဉ်နု(မန္တလေး)**

***

# သုံးနားညီတြိဂံတစ်ခုအတွက် မှဒိတာစကား

(၁)

ငယ်စဉ်က  သင်္ချာ(၂)ထဲမှာ တြိဂံတွေအကြောင်းလည်း ထိတွေ့ခဲ့ဖူးပါတယ်။ အနားညီတဲ့ တြိဂံတွေရှိသလို အနားမညီတဲ့ တြိဂံတွေရှိတာလည်း သတိပြုမိခဲ့ပါတယ်။ လောကလူ့ရွာထဲမှာ လည်း အနားမညီတဲ့ တြိဂံတွေက နေရာအနှံ့။ ထိုအထဲကမှ ရှားရှားပါးပါးအဖြစ် သုံးနားညီ တြိဂံလေးတစ်ခု ကို တွေ့လိုက်ရပါတယ်။ ယုံကြည်ချက်အနားတွေ ညီနေကြတယ်။ စေတနာအနားတွေ ညီနေကြ တယ်။ ဝါသနာအနားတွေ ညီနေကြတယ်။ အဲဒီအနားတွေ စုဖွဲ့လိုက်တော့ ချစ်ခိုင်စံ(ဘီအီးဒီ)၊ ဇွဲ (ပညာရေး)နဲ့ မောင်ထက်ဝေ(ငါ့တရော်)ဆိုတဲ့ သုံးနားညီ စာပေတြိဂံလေးတစ်ခု ပေါ်ထွန်းလာခဲ့ပါပြီ။

စာပေမြစ်သုံးစင်းတို့ ဟာ သူ့အဝန်း သူ့အဝိုင်းအသီးသီးမှာ စီးဆင်းနေကြပေမဲ့ ဦးတည် ချက်က တစ်ခုတည်း။ အသိမှောင်မိုက်ခြင်း၊ အသိမွဲတေခြင်း၊ အတွေးအခေါ် ဆင်းရဲမွဲတေခြင်းတို့ ကို တိုက်စားရင်း အရှိန်အဟု န်ပြင်းပြင်းနဲ့ စီးဆင်းနေကြတာ တွေ့ရပါတယ်။ စီးဆင်းရာ စာမျက်နှာတွေ မညီကြပေမဲ့ ပတ်ဝန်းကျင် အကျိုးပြုဖို့ ဆိုတဲ့ ခေါင်းစဉ်တစ်ခုတည်းအောက်မှာ အတူတကွ ရှိနေ ကြပြန်ပါတယ်။ အဲဒီစာပေမြစ်သုံး

စင်းတို့ ဟာ စာပေသမုဒ္ဒရာထဲသို့ စီးဝင်နေကြပါပြီ။

ဆရာကြီးဦးအောင်သင်းက အရှူးတွေထဲမှာ စာရူးပေရူးလေးတွေကို သဘောကျကြောင်း ပြောဖူးပါတယ်။ သူတို့ ရဲ့ ရူးသွပ်ခြင်းကြောင့် ကျွန်တော်တို့ စာဖတ်သူတွေအတွက် အသိဉာဏ်ပညာ တွေ တိုးတက်လာရပါတယ်။ စာတတ်ပြီး စာမဖတ်ကြသူတွေများ လှတဲ့ ကျွန်တော်တို့ တိုင်းပြည်မှာ ခုလို စာရူးပေရူးများ ပေါ်ထွန်းလာခြင်းကို အင်မတန်လေးစားရပါတယ်။ စာရေးဆရာနဲ့ ကျောင်း ဆရာအလုပ်နှစ်ခုဟာ မြန်မာပြည် မှာ အဆင်းရဲဆုံးပဲလို့ ဆရာကြီးမောင်စွမ်းရည် ပြောခဲ့ပေမဲ့ ကျွန်တော့်ညီငယ် ကျောင်းဆရာများ ၊ စာပေသမားများကတော့ ဆင်းရဲခြင်းကို အန်တုလို့ ။ သုံးနားညီ တြိဂံတစ်ခုရဲ့ အားထုတ်ကြိုးပမ်းမှုကို ကျွန်တော် လေးစားဦးညွှတ်လိုက်မိပါသည် ။ လွန်ခဲ့တဲ့ လပေါင်းများ စွာထဲက စာပေမှတ်တိုင်သစ်တစ်ခု စိုက်ထူဖို့ အားယူနေခဲ့တာ ကျွန်တော် အသိဆုံးပေါ့။ ခုတော့ စုဆောင်းမိသမျှလေးတွေနဲ့ သုံးနားညီတြိဂံတစ်ခုကို ဖန်ဆင်းလိုက်နိုင်ခဲ့ပါပြီ။

(၂)

သုံးနားညီတြိဂံတစ်ခုကို အသေအချာ လေ့လာမိပါတယ်။ သူတို့ ရဲ့ မျိုးဆက်သစ်လူငယ်တွေ အပေါ်ထားရှိတဲ့ စေတနာထုထည်ကို အတိုင်းသား မြင်တွေ့ခံစားလိုက်ရပါတယ်။ လူငယ် ကျောင်းဆရာများ ပီပီ သူတို့ ရဲ့ တပည့်အရွယ် လူငယ်လေးများကို တိုင်းပြည်အတွက် အဖိုးတန်ရတနာလေးတွေ ဖြစ်စေလိုတဲ့ သူတို့ စေတနာကို ကျွန်တော်လေးစားရပါတယ်။ ရည်မှန်းချက် ပန်းတိုင်မရှိဘဲ လေနေတဲ့ လူငယ်လေးတွေအတွက် သူတို့ ရင်ထဲက စေတနာစကားတွေကို တွေ့မြင်ရ ပါတယ်။ သူတို့ လေးယောက်ရဲ့ မျိုးဆက်သစ်လူငယ်များ အပေါ် ထားရှိကြတဲ့ စေတ

နာစကားသံတို့ ကို ကျွန်တော် နားဆင်ကြည့်မိပါတယ်။

သုံးနားညီတြိဂံထဲက ပထမအနားဖြစ်တဲ့ ချစ်ခိုင်စံ(ဘီအီးဒီ)ရဲ့ "ဘိုးတော်တဲ့ လားကွယ်"မှာ ယနေ့ခေတ် လူငယ်တချို့ရဲ့ ပြောင်းလဲလာတဲ့ တန်ဖိုးထားမှုအလွဲတွေကို ထောက်ပြထားတာ တွေ့ရ ပါတယ်။ အဖေကို "ဘိုးတော်"တဲ့ ။ အမေကို "ဘွားတော်"တဲ့ ။ မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ နားကြားလို့ မှ မကောင်းတဲ့ စကားတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မျိုးဆက်သစ်လူငယ်တွေမှာ မှားယွင်းစွာ တန်ဖိုးထားမှုတွေကို ထောက်ပြထားတဲ့ စာကောင်းတစ်ပုဒ်ဖြစ်ပါတယ်။ "ကစားမလား၊ နားမလား"ကတော့ ကျွန်တော်တို့ ငယ်ဘဝက ပျော်ရွှင်စွာ ရှင်သန်ခဲ့ပုံများကို ပြန်လည်တူးဆွထား ပြီး မျက်မှောက်ခေတ် ကလေးငယ်တို့ ရဲ့ မွန်းကျပ်စွာ ရှင်သန်နေရပုံတို့ ကို ထောက်ပြထားပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကစားခွင့်မရှိရှာဘဲ ကလေးဘဝကို စာတွေနဲ့ ပဲ ဖြတ်သန်းနေရတဲ့ လူငယ်လေးတွေ ဘယ်လောက်ရှိနေပြီလဲ။ "လူငယ်နဲ့ ပုံပြင်"မှာ လည်း လက်ရှိ မြန်မာ့လူနေမှု အခင်း အကျင်းတွေရဲ့ အတိတ်နဲ့ ပစ္စုပ္ပန်ကို နှိုင်းယှဉ်ပြထားပါတယ်။ ပုံပြင်တွေရဲ့ တန်ဖိုးကို မိဘများ သိရှိ စေလိုတဲ့ စာရေးသူရဲ့ စေတနာကို အထင်းသားတွေ့ရပါတယ်။ ပုံပြင်နဲ့ ကြီးပြင်းခဲ့ရတဲ့ ကလေးရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတွေနဲ့ ပုံပြင်နဲ့ ကြီးပြင်းခွင့်မရခဲ့ရှာတဲ့ ကလေးငယ်ရဲ့ ကိုယ်နှုတ်နှလုံး အမူအရာတို့ ကို စစ်တမ်းကောက် လေ့လာကြည့်သင့်ပါတယ်။ ကျွန်တော်တို့ မိဘတွေကိုယ်တိုင်က ပုံပြင်လေးတွေကို ချစ်တတ်ပါစေ။ စာပေကို ချစ်တတ်ပါစ။

သုံးနားညီတြိဂံရဲ့ ဒုတိယနားတစ်ခုဖြစ်တဲ့ ဖွဲ့(ပညာရေး)ရဲ့ "အမှောင်လမ်းနဲ့ ကင်းဝေးပါ စေ" ဆောင်းပါးလေးက ယနေ့ခေတ် မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်နေရှာတဲ့ လူငယ်လေးတွေ အကြောင်းပဲ ဖြစ်

ပါတယ်။ ဥယျာဉ်မှူးများ ဖြစ်ကြတဲ့ မိဘဆရာတို့ က ပန်းကလေးတွေကို မူးယစ်ဆေး ဝါးရဲ့ လောင်းရိပ်ကနေ ကင်းလွတ်ဖို့ မပြတ်စောင့်ကြည့် နေဖို့ လိုကြောင်း တပ်လှန့်လိုက်တဲ့ စာကောင်း တစ်ပုဒ်ဖြစ်ပါတယ်။ တာဝန်ရှိ ပုဂ္ဂိုလ်တွေအနေနဲ့ လည်း တိုင်းပြည်အနာဂတ် လူငယ်များ ရဲ့ အညွန့်များကို ဖျက်ဆီးနေတဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား နေသူတွေကို အလျင်အမြန် ဖော်ထုတ်အရေးယူပေးဖို့ လိုနေပြီလည်း ဖြစ်ပါတယ်။ နေ့စဉ်သတင်းစာတွေမှာ မူးယစ်ဆေးဝါး သတင်းတွေက တိုင်းပြည်အနာဂတ်ကို ခြိမ်းခြောက်နေတာ သတိပြုမိနိုင်ပါတယ်။ မူး ယစ်ဆေးဝါး သုံးစွဲသူလောက်ကိုသာ ဖော်ထုတ်နေရုံဖြင့် မလုံလောက် ပေ။ ရောင်းဝယ်နေသူတွေပါ ဖော်ထုတ် ဖမ်းဆီးဖို့ လိုပါပြီ။ ပိုင်ရှင်မဲ့ မူး ယစ်ဆေးဝါးများကို မြင်တွေ့ရတိုင်း အားမလိုအားမရစိတ်နဲ့ လူငယ် တွေအတွက် ရတက်မအေး ဖြစ်သွားရပါတယ်။ ကျွန်တော်တို့ တိုင်းသူပြ ည်သားတိုင်း မူးယစ်ဆေးဝါး တော်လှန်ရေးအတွက် တာဝန်ရှိကြပါ တယ်။ တစ်ဖန် "ယုံကြည်မှုနဲ့ ရဲရင့်ပါ"မှာ တော့ ဖွဲ(ပညာရေး) ရဲ့ လူငယ်တွေကို ယုံကြည်ချက်ထားရှိဖို့ ၊ ရဲရင့်စွာ ပန်းတိုင်သို့ လျှောက် လှမ်းကြဖို့ တိုက်တွန်း အားပေးထားတာ တွေ့ရပါတယ်။

နောက်ဆုံးအနားဖြစ်တဲ့ မောင်ထက်ဝေ(ငွါတရော်)ရဲ့ "စိတ်ကို အလှ ပြင်စေချင်သည် " သည် နေ့စဉ်အတွက် ရုပ်အလှပြင်သလို စိတ်ကို လည်း အလှဆင်တတ်ကြဖို့ လိုကြောင်း ထောက်ပြထားတဲ့ ဆောင်းပါး ကောင်းတစ်ပုဒ် ဖြစ်ပါတယ်။ "နင်လားဟဲ့ အခက်အခဲ"မှာ လူငယ်တွေ ကို အခက်အခဲကို မကြောက်မရွံ့ ရင်ဆိုင်ဖို့ ပုံသာဓကလေးနဲ့ ဖတ်ချင်စ ဖွယ်ဖြစ်စေပြီး စိတ်ဓာတ်လှုံ့ဆော်ပေးထားတာ တွေ့ရပါတယ်။ အခက် အခဲ အဆီးအတားတွေကို အောင်မြင်မှုလမ်းစလို့ မြင်တတ်မှ အောင်မြင် မှု ရနိုင်ပါတယ်။ တစ်ခါ "အက္ခရာများ ပေါ်၌ ပျော်မွေ့နေသလား"တွင်

မောင်ထက်ဝေ (ငှါတရော်)က ကိုယ်တွေ့နဲ့ စာတွေ့ကို ပေါင်းစပ်ပြီး ကို ယ့်ကိုယ်ကိုယ် "အက္ခရာပေါ်၌ ပျော်နေသလား" ပြန်လည် ဆင်ခြင် သုံး သပ်ထားပါတယ်။ အပေါ်ယံ ပကာသနတွေနောက်လိုက်ရင်း တကယ် သိ တကယ်ရှိ အောင်လုပ်ဖို့ မေ့နေတတ်တဲ့ လူ့သဘာဝကို မီးမောင်းထိုး ပြပေးထားတာကို နှစ်သက်သဘောကျမိပါ တယ်။

"လူငယ်နဲ့ အကျင့်"ဆိုတဲ့ ခေါင်းစဉ်တစ်ခုထဲကို သုံးဦးစလုံး ရှုထောင့်ပေါင်းစုံက ရေးသား တင်ပြထားတာကလည်း ဆန်းသစ်နေပါ တယ်။ အရေးအသား တင်ပြပုံတွေ မတူညီကြပေမဲ့ မျိုးဆက်သစ်လူငယ် တွေကို အလေ့အကျင့်ကောင်းတွေ ရရှိစေဖို့ ဆိုတဲ့ စေတနာ ရည်ရွယ်ချ က်က တော့ တူညီနေပါတယ်။ လူငယ်တွေအပေါ်ထားရှိတဲ့ တစ်ဦးချင်း ရဲ့ စေတနာလေးတွေကို ကောက်နုတ်ဖော်ပြပါရစေ။

"တချို့လူများက မိမိတို့ ၏ အကျင့်သည် ဆိုးမှန်းသိကြ၏။ ဒါပေသိ မစွန့်လွှတ်ကြပေ။ နှစ်ရှည်လများ ပြုကျင့်ခဲ့သည့် အကျင့်ဖြစ်နေ၍ သံ ယောဇဉ်တွယ်ကာ မကောင်းမှန်းသိသော်လည်း ဖက်တွယ်တတ်ကြပါ သည် ။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအတွက် မကောင်းမှန်း သိကြ ၏။ ထို့အတူ အရက်၊ ဘီယာ၊ ကွမ်းအပြင် အခြားသော ကြက်တိုက်၊ ဖဲရိုက်အလုပ်များ သည် မိမိတို့ အတွက် မကောင်းမှန်း လူ တိုင်းသိကြပါသည် ။ သို့သော် စွန့်လွှတ်ပါ၏ လော။ ဖြစ်နိုင်လျှင် စွန့်လွှ တ် စေချင်ပါသည် ။" (ချစ်ခိုင်စံ (ဘီအီးဒီ) )

"ကိုယ့်မှာ ရှိနေတဲ့ အကျင့်လေးကို မကောင်းမှန်းသိလို့ ပြုပြင်ချင်တ ယ်ဆိုရင် ပြုပြင်လို့ ရနိုင် ပါတယ်။ ပထမဆုံးအနေနဲ့ ကိုယ့်မှာ ရှိနေတဲ့ အကျင့်လေးဟာ မကောင်းဘူးဆိုတာ သိဖို့ လိုပါတယ်။ ကိုယ့်အမှားကို မှားမှန်းသိလိုက်ခြင်းဟာ မှန်ကန်မှုလမ်းကြောင်းပေါ်ကို ရောက်ခြင်းရဲ့

အစပါပဲ " (မောင်ထက်ဝေ (ငါ့တရော်) )

"ကျွန်တော်ငယ်ငယ်ကပင် အမေဆုံးပါးသွားခဲ့၍ အမေ့မေတ္တာ ငတ်မွတ်ခဲ့ပါသည် ။ ထိုစိတ် ကပင် အကျင့်တစ်ခုကို စွဲသွားစေခဲ့သည်ဟု ဆိုရပေလိမ့်မည်။ အကြောင်းကား အသက်လေးဆယ် ကျော်အရွယ်တွေနဲ့ စကားပြောသည့်အခါတိုင်း ကျွန်တော့်နှုတ်က အမေဟု ယောင်ယောင်၍ ခေါ်မိ ခြင်းပင် ဖြစ်ပါသည် ။ အမေဟူသော အသုံးအနှုန်းကို သိပ်ပြီးခေါ်ချင်ခဲ့သော အကျင့်တစ်ခုက ကျွန်တော့်တွင် ဖျောက်ဖျက်ရန် ခက်ခဲလွန်းလှပါသည် ။" (ဖွဲ့ (ပညာရေး) )

လူငယ်တွေမှာ အလေ့အကျင့်ကောင်းလေးတွေ လေ့ကျင့်ပျိုးထောင်ပေးဖို့ တိုက်တွန်းရေး သားပေးကြတဲ့ ကျွန်တော့်ညီငယ်လေးများ ရဲ့ စေတနာကို လေးစားရပါတယ်။ အလေ့အကျင့်ဟာ စွဲမြဲ သွားရင် ဖျောက်ဖျက်ရခက်ပုံကို ဖွဲ့(ပညာရေး)က သူ့ဘဝလေးနဲ့ သာဓကပြပေးထားတာတွေ့ရပါ တယ်။ သူ့စာလေးထဲက သူ့အမေကို တမ်းတလွမ်းဆွတ်နေရပုံလေးကို ခံစားလိုက်ရပါတယ်။ ကျွန်တော့်ရင်ကို နင့်ခနဲ ထိမှန်စေခဲ့ပါတယ်။ ကျွန်တော်သည် လည်း ၂၀၀၄ ခုနှစ်ရဲ့ မိုးလေးတဖွဲဖွဲ ကျနေတဲ့ ဇွန်လနောက်ပိုင်းကစပြီး အဖေခေါ်ခွင့်မဲ့နေသူတစ်ယောက်ပဲ မဟုတ်လား။

(၃)

လူငယ်တွေဖြစ်ကြတဲ့ ကျွန်တော့်ညီငယ်များက တိုင်းပြည်ရဲ့ အဖူးအညွန့်ဖြစ်တဲ့ မျိုးဆက် သစ် လူငယ်တွေအတွက် စေတနာထားပြီး သုံးနားညီတြိဂံလေးကို အသက်သွင်းလိုက်ပါပြီ။ ဒီစာစု လေးတွေကို လူငယ်တွေလက်ထဲ ရောက်ရှိစေချင်ပါတယ်။ တိုင်းပြည်ထူထောင်ရေးအတွက် တစ်ထောင့်တစ်နေရာက အကျိုးပြုစေမယ့် စာစုများ လည်း ဖြစ်ပါတယ်။ ကျွန်တော့်ညီငယ်လေးများ သည် လည်း စာပေမိုးကောင်းကင်

ထက်မှာ ထာဝရ လင်းလက်တဲ့ ကြယ်များ ဖြစ်ကြပါစေ။ မိမိတို့ ရဲ့ အလင်းရောင်နဲ့ လမ်းပျောက်နေသူကို အလင်းပေးစွမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

မေတ္တာဖြင့်
ကိုကိုလင်း(အမေ့အိမ်)
၁၃-၁၀-၂၀၁၈

***

ကျေးဇူးတင်လွှာ

ရတနာသုံးပါးနဲ့ အနန္တောအနန္တတငါးပါးကို ဦးထိပ်ထား၍ မိဘနှစ်ပါး၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းအား ရိုသေစွာ ကန်တော့ပန်းဆင်ပါရစေ။ ပထမဆုံးအနေနှင့် ယခုရေးသားလိုက် သည့် ကျေးဇူးတင်လွှာသည် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်၏ ဆန္ဒတစ်ခုတည်းသာလျှင် ဖြစ်ပေသည် ။ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် စာပေဖြတ်သန်းမှုတွင် တစ်ဦးချင်းစီ၏ လက်ဦး ဆရာများကိုလည်း ကျေးဇူးမဂ်လာပြုအပ်ပါသည် ။

အမှာ စာအတွက် ဂရုတစိုက်ဖြင့် ဝမ်းသာအားရ ရေးသားပေးပါ

သော စာပေချစ်မျိုးဆက်သစ် များကို သားသမီးအရင်းသဖွယ် ပြုစု စောင့်ရှောက်ပေးတတ်သည့် အမေနု [ယဉ်ယဉ်နု (မန္တလေး)] အား ကျေးဇူးတင်ရှိပါကြောင်း ရှိသေလေးစားစွာ ကန်တော့အပ်ပါသည် ။ ထိုနည်းတူ ဤစာအုပ်ထွက် ရှိ နိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို ညီအစ်ကိုအရင်းသဖွယ် အားသွန်ခွန်စိုက် စိတ်ရော ကိုယ်ပါ ကူညီပေးပါသော ဆရာကိုကိုလင်း(အမေ့အိမ်)အား ကျေးဇူးအထူးတင်ရှိပါသည် ။ ကျွန်တော် တို့ ညီအစ်ကိုသုံးယောက်ကို ဆုံစည်းစေသည့် "အိပ်မက်အိမ်" စာပေအဖွဲ့အား တည်ထောင်ပေးကြ သော "မသုံးလုံးညီနောင်" အစ်ကိုဆရာ မောင်မြင့်ဝင်း၊ အစ်ကိုဆရာ မိုးသောက်ထွန်းနှင့် အစ်ကို ဆရာ မိုးယံဝင့်ထည်တို့ အား ဤနေရာမှ ရှိသေစွာ ဦးညွှတ်ကန်တော့ပါသည် ။ "သုံးနားညီတြိဂံ"ကို ယုံယုံကြည်ကြည်ဖြင့် ပုံနှိပ်ထုတ်ဝေခွင့်ပေးပါသော မယူမြစ်စာပေမှ ဆရာဒေါက်တာဌေးလှိုင်အား လည်း ကျေးဇူးမှတ်တမ်းပြုအပ်ပါသည် ။ မောင်လေးအရင်းအချာသဖွယ် အကြံဉာဏ်ပေး ကူညီခဲ့ သော ဆရာမ အေးမြတ်မြတ်ဖြိုး(ကံမ)ကိုလည်း ကျေးဇူးတင်ရှိပါသည် ။ ဤစာအုပ်ထုတ်ဝေနိုင်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းအားဖြည့် အကြံဉာဏ်ပေးကြပါသော စာပေညီအစ်ကိုမောင်နှမများအားလုံးကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါသည် ။

***

"သုံးနားညီတြိဂံ"သည် အနာဂတ်နိုင်ငံတော်ကြီးတွင် အဓိက အရင်းအမြစ်များ ဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို လူငယ်ထဲက လူငယ်တို့ ၏ နှလုံးသားခံစားချက်၊ စေတနာအရင်းခံများ နှင့် ပုံဖော်တည်ဆော

က်ထားခြင်းဖြစ်ပါသည် ။ "သုံးနားညီလျှင် ပြည်တစ်ခွင် (အ) လွန်ပင်ဖွံ့ဖြိုး စေရမည်"ဟူသော ရည်ရွယ်ချက်များ ဖြင့် အခြေတည် မွေးဖွားလာခဲ့ခြင်းပင်။ နိုင်ငံတစ်နိုင်ငံ ခေတ်မီ တိုးတက်ဖို့ အနာဂတ်မျိုးဆက်သစ်တစ်ခုကို အဓိကပုံဖော်ရမည်မှာ ငြင်းဆန်ရန် ခက်ခဲသော အကြောင်းတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်။

"လူကြီးနှင့် လူငယ်၊ လူငယ်နှင့်စာပေ၊ စာပေနှင့် အနာဂတ်"တည်းဟူသော အနားသုံးနား ညီညွတ်ခဲ့ပါလျှင် ကျွန်တော်တို့ နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေရောင်အနာဂတ်တစ်ခု သန္ဓေ တည်ပေလိမ့်မည် ။ ထို့ကြောင့် စာဖတ်သူများ အနေဖြင့်လည်း မည်သည့်အနားများ ညီလျှင် အနာဂတ် နိုင်ငံတော်ကြီးအတွက် ခိုင်မာသော အခြေခံအုတ်မြစ် ဖြစ်နိုင်မည်နည်းဆိုသည် ကို ဖတ်ရှုသုံးသပ်စေ ရင်း မေတ္တာကရုထား၊ လှိုက်လှဲစွာ ကျေးဇူးမင်္ဂလာပြုလိုက်ရပါသည် ။

"သုံးနားညီတြိဂံ"ရဲ့ အနားတစ်ဖက်

**ဖွဲ့(ပညာရေး)**

***

## ဖွဲ့(ပညာရေး)၏ ကိုယ်ရေးအကျဉ်း

အမည်အရင်းမှာ ဦးစိုးသီဟသိန်းဖြစ်ပါသည် ။ အဖ- ဦးသိန်း၊ အမိ- ဒေါ်ဝင်းရီတို့ မှ ၁၃၅၂ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်၊ အင်္ဂါနေ့ (၅-၆-၁၉

၉၁)၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ လယ်ဝေး မြို့နယ်၊ ဝက္ကမူ ကျေးရွာတွင် မွေးဖွားခဲ့ပါသည် ။ မွေးချင်းနှစ်ယောက်တွင် အငယ်ဖြစ်ပြီး အစ်မ တစ်ယောက်ရှိသည် ။ ၂၀၀၈ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီးပွားရေးပညာဘွဲ့ ရရှိခဲ့သည် ။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် 5 Plus TV Chann el တွင် "ပျော်ရွှင်ဆင်နွှဲ သီတင်းကျွတ်ပွဲ" ကဗျာဖြင့် စာပေနယ်ပယ်ထဲသို့ စတင်ရောက်ရှိလာခဲ့ပြီး ကြေးမုံမျိုးဆက်သစ်ရင်ပြင်၊ ရတနာပုံသတင်းစာ၊ စံတော်ချိန်သတင်းစာ၊ လမ်းပြကြယ်စင်မဂ္ဂဇင်း၊ ရွှေရည်မြေ လက်ာပန်း(တမာရနံ့) မဂ္ဂဇင်းနှင့် အခြားသော စာပေမဂ္ဂဇင်းများ တွင်လည်း ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများ ဖော်ပြခံခဲ့ရပါသည် ။ "အိပ်မက်အိမ်" စာပေအဖွဲ့ ဆောင်းပါးပြိုင်ပွဲတွင် "ဝမ်းကြာသိုက်မှ လွတ်သည့်နေ့ " စာမူဖြင့် ပထမဆု၊ "အဖြူရောင် စာမျက်နှာထက်က အပြာရောင်သင်္ကေတ" စာမူဖြင့် ဒုတိယဆု၊ "မိုးယံဝင့်မည့် ကလောင်လေးများ " စာပေအဖွဲ့၏ ၂၀၁၈ ခုနှစ် ဩဂုတ်လ ရသဝတ္ထုပြိုင်ပွဲတွင် "အိမ်ပြန်ချိန်" စာမူဖြင့် ပထမဆု ရရှိခဲ့ပါသည် ။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာမေးခွန်း ၆(ခ) အဆိုအချေ ပုံစံ "အက္ခရာသစ်" ကလောင်စုံ စာအုပ် တွင် ပါဝင်ရေးသားခဲ့သည် ။ ထို့နောက် လှိုင်သာယာမြို့နယ် စာပေစကားဝိုင်း တစ်နှစ်ပြည့် အခမ်းအနားတွင် "အနာဂတ်ရဲ့ လမ်း" စာမူဖြင့် စိတ်ကြိုက်ဝတ္ထုတိုဆုကို ဂုဏ်ပြုချီးမြှင့်ခြင်း ခံခဲ့ရ ပါသည် ။ စာပေလှုပ်ရှားမှုများ အဖြစ် လူငယ်စာပေစကားဝိုင်း(ပျဉ်းမနား)တွင် တာဝန်ခံအဖြစ် လည်းကောင်း၊ ပျဉ်းမနားမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း (Book club) အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည် ။ ယခုလက်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၅၂၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည် ။ တိုက်-၄၃၈၄၊

အခန်း-၁၁၊ သရဖီအိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက် နေပြည်တော်တွင် ဇနီးနှင့် အတူ နေထိုင်လျက်ရှိပြီး ဝါသနာပါရာ စာပေများကို ရေးသားလျက်ရှိပါ သည် ။

***